
# Panasonic®

# အသုံးပြုပုံလမ်းညွှန်

## (အိမ်သုံး) ဆံပင်အခြောက်ခံစက်

Model No. EH-NA45

**Myanmar ........................................ 3**



nanoe™

No. Registrasi: I.30.PGI1.00602.1013

Myanmar

Panasonic

# အသုံးပြုပုံလမ်းညွှန်

## (အိမ်သုံး) ဆံပင်အခြောက်ခံစက်

Model No. EH-NA45

## မာတိကာ


ဘေးကင်းရန်ကြိုတင်သတိပေးချက် .................. 4
အစိတ်အပိုင်းများအကြောင်းရှင်းပြခြင်း ...................... 7
အခြောက်ခံစက်အသုံးပြုပုံ .................................... 8
nanoe™ အကြောင်း ..................................... 8
ပလက်တီနမ်အိုင်းယွန်းများအကြောင်း ..................... 9
nanoe™ အားသွင်းဘောင် .......................... 9
ဆံပင်အခြောက်ခံစက်ထိန်းသိမ်းပုံ ..................... 10
ပြဿနာဖြေရှင်းခြင်း ..................................... 11
အသေးစိတ်အချက်အလက်များ ....................... 11


Panasonic စက်ပစ္စည်းအား ဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။

**ဤစက်ပစ္စည်းအား အသုံးမပြုမီ အသုံးပြုပုံလမ်းညွှန်အား ဖတ်ရှုပြီး လမ်းညွှန်အတိုင်းအသုံးပြုပါ။**

Myanmar

nanoe™ သည် Panasonic ကော်ပိုရေးရှင်း၏ ကုန်အမှတ်တံဆိပ်ဖြစ်သည်။
nanoe™ သည် ရေမှုန်များဖြင့် ဖုံးအုပ်ထားသော နာနိုအရွယ် သတ္တုအမှုန်တစ်ခု ဖြစ်သည်။

## ဘေးကင်းမှုအတွက် ကြိုတင်သတိပေးချက်

လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်း၊အသက်အန္တရာယ်ရှိခြင်းနှင့် အိမ်ရာအဆောက်အဦပျက်စီးဆုံးရှုံးခြင်းတို့မှ ကာကွယ်ရန် အောက်ပါသတိပေးချက်များကို အစဉ်အမြဲ လိုက်နာပါ။

## သင်္ကေတများ၏ အဓိပ္ပါယ်

အောက်ပါ သင်္ကေတများသည် စက်ပစ္စည်းလမ်းညွှန်အတိုင်း အသုံးမပြုပါက ဘေးအန္တရာယ်ဖြစ်နိုင်ခြင်း၊ထိခိုက်ဒဏ်ရာရနိုင်ခြင်း၊အိုးအိမ်အဆောက်အဦးများ ပျက်စီးဆုံးရှုံးနိုင်ခြင်းတိုကို အဆင့်ဆင့်ဖော်ပြသည်။

| | |
|---|---|
| ⚠ WARNING | ပြင်းထန်စွာဒဏ်ရာရနိုင်ခြင်း သို့မဟုတ် အသက်အန္တရာယ် ဖြစ်စေသော အခြေအနေကို သတိပေးသည် |
| ⚠ CAUTION | အသေးစား ထိခိုက်ဒဏ်ရာ ရနိုင်သည့်အခြေအနေကို သတိပေးသည်။ |

အောက်ပါ သင်္ကေတများသည် လိုက်နာရမည့် လမ်းညွှန်ချက်အဆင့်ဆင့်ကို ဖော်ပြသည်။

| | |
|---|---|
| ⃠ | ဤသင်္ကေတသည် တစ်ခုခုကိုလုပ်ဆောင်ရန် တားမြစ်ကြောင်း သတိပေးဖော်ပြသည်။ |
| ❗ | ဤသင်္ကေတသည် လုပ်ဆောင်မှုတစ်ခုခုကို ဘေးကင်းစွာလုပ်ဆောင်နိုင်ကြောင်း သတိပေးဖော်ပြသည်။ |

## ⚠ သတိပေးချက်


**ကလေးများ လက်လှမ်းမှီနိုင်သော နေရာများတွင် မထားရ။ကလေးများကိုင်တွယ်အသုံးပြုရန် ခွင့်မပြုရ။**
- ထိုသို့ပြုမိလျှင် အပူလောင်ခြင်း၊ လျှပ်စစ်ရှော့ဖြစ်ခြင်း၊ ဒဏ်ရာအနာတရတို့ ဖြစ်စေနိုင်ပါသည်။

**ပြန်လည်ဆန်းသစ်ခြင်း၊အစိတ်အပိုင်းများဖြုတ်ခြင်း နှင့်တပ်ဆင်ခြင်းတို့ကို လုံးဝမပြုလုပ်ရန်။**
- ထိုသို့ပြုလုပ်မိလျှင် ပုံမှန်မဟုတ်စွာလုပ်ဆောင်ပြီး ဒဏ်ရာရခြင်းနှင့် မီးဆွဲလောင်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။
  တရားဝင်ခွင့်ပြုချက်ရှိသော ပြုပြင်ရေးဌာနကိုဆက်သွယ်ပါ။

**မီးကြိုးအား ရစ်ပတ်ခြင်း၊ ဆွဲဆန့်ခြင်း၊ အလွန်အမင်းခေါက်ချိုးခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ထိခိုက်ပျက်စီးစေခြင်းများ မပြုလုပ်ပါနှင့်။**
**ကြိုးပေါ်တွင် လေးလံသောအရာများထားခြင်း၊ ဖိညှပ်ခြင်းများ မလုပ်ရပါ။**
- ထိုသို့ပြုလုပ်မိလျှင် ဆားကတ်ပြတ်တောက်ခြင်းကြောင့်၊ မီးလောင်ခြင်းနှင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းတို့ ဖြစ်ပေါ်စေပါသည်။

**မီးကြိုးအား ခေါက်လျက်အနေအထားဖြင့် အသုံးမပြုရ။**
- ထိုသို့အသုံးပြုလျှင် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ခြင်းတို့ ဖြစ်ပွားနိုင်သည်။

**မီးကြိုးအား စက်ပစ္စည်းတွင် တင်းကြပ်စွာရစ်ပတ်၍ မသိမ်းဆည်းပါနှင့်။**
- ထိုသို့ပြုလုပ်ခြင်းက မီးကြိုးအတွင်းရှိ ဝိုင်ယာကြိုးမျှင်များ ပြတ်တောက်စေနိုင်ပြီး ဆားကတ်ပြတ်တောက်ခြင်းကြောင့် လျှပ်စစ်ရှော့ခ် သို့မဟုတ် မီးလောင်ခြင်းတို့ ဖြစ်ပွားနိုင်သည်။



# ⚠ သတိပေးချက်

မီးကြိုး သို့မဟုတ် ပလတ် အပူလွန်နေလျှင် သို့မဟုတ် ပျက်စီးနေလျှင် အသုံးမပြုပါနှင့်။
- ထိုသို့အသုံးပြုပါက အပူလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် ဆားကတ်ပြတ်တောက်၍ မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

ပလတ်ထိုးရာတွင် မမိတမိဖြစ်နေပါက စက်ကိုမည်သည့်အခါမျှ အသုံးမပြုပါနှင့်။
- ထိုသို့အသုံးပြုပါက အပူလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် ဆားကတ်ပြတ်တောက်၍မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

ရေစိုနေသောလက်ဖြင့် ပလတ်အား ဖြုတ်ခြင်း၊ တပ်ဆင်ခြင်း မပြုလုပ်ပါနှင့်။
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။

ရေစိုနေသောလက်ဖြင့် စက်ပစ္စည်းအား အသုံးမပြုပါနှင့်။
- ထိုသို့ပြုလုပ်မိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် ဆားကတ်ပြတ်တောက်၍ မီးလောင်ခြင်းတို့ ဖြစ်ပွားစေနိုင်ပါသည်။

အသုံးမပြုပဲ အဓိကခလုတ်အား ဖွင့်မထားရ။
- ထိုသို့ပြုမိပါက မီးလောင်စေနိုင်ပါသည်။

စက်ပစ္စည်းအား ရေချိုးခန်းကဲ့သို့ စိုထိုင်းဆများသောနေရာများတွင် မသိမ်းဆည်းပါနှင့်။ ရေဖိတ်စင်နိုင်သောနေရာများတွင်လည်း မသိမ်းဆည်းပါနှင့်။ (မျက်နှာသစ်ကန်၏ဘောင် ကဲ့သို့ နေရာများ)
- ထိုသို့ပြုမိပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။

ဆံထိုးကဲ့သို့ ထူးဆန်းသောပစ္စည်းများအား လေထွက်ပေါက်၊ nanoe™ ထွက်ပေါက် (သို့) ပလက်တီနမ်အိုင်းယွန်းပေါက်များအတွင်းသို့ ထိုးသွင်းခြင်း (သို့)ပိတ်ဆို့ခြင်းများ မပြုလုပ်ရ။
- ထိုသို့ပြုလုပ်မိပါက အပူလောင်ခြင်း၊လျှပ်စစ်ရှော့ခ် သို့မဟုတ် မီးလောင်ခြင်းတို့ ဖြစ်ပွါးစေနိုင်ပါသည်။

မီးလောင်လွယ်သော အရာများ (အရက်၊ ဘန်ဇင်း၊ သင်နာ၊ စပရေး၊ဆံကေသာအလှကုန်ပစ္စည်းများ၊ လက်သည်းဖျက်ဆေး)တို့ အနီးတွင် အသုံးမပြုပါနှင့်။
- ထိုသို့ပြုမိပါက မီးလောင်ခြင်းနှင့် ပေါက်ကွဲခြင်းတို့ ဖြစ်ပေါ် စေနိုင်သည်။

ဤစက်ပစ္စည်းအားရေတွင်နှစ်မြုပ်ခြင်းမပြုရ။
စက်အားရေအနီးတွင်အသုံးမပြုရ။
စက်ပစ္စည်းအား ရေချိုးကန်၊ရေပန်း၊ဘေစင် နှင့် ရေအိုးရေကန်များအနီးတွင်အပြုမပါနှင့်။
- အသုံးပြုမိပါက လျှပ်စစ်ရှော့ခ် သို့မဟုတ် မီးလောင်ခြင်းတို့ ဖြစ်ပွါးစေနိုင်ပါသည်။



ဤအနီရောင်တားမြစ်အမှတ်အသားပါသင်္ကေတသည် "ဤစက်ပစ္စည်းအား ရေအနီးတွင်အသုံးမပြုရ" ဟုဆိုလိုသည်။

ပုံမှန်မဟုတ်ခြင်း (သို့)အလုပ်လုပ်ခြင်းမရှိပါက အသုံးပြုခြင်းအားချက်ချင်းရပ်တန့်၍ ပါဝါပလတ်ကိုဖြုတ်လိုက်ပါ။
- ထိုသို့အလုပ်မလုပ်ခြင်းသည် မီးလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းနှင့် ထိခိုက်အနာတရတို့ ဖြစ်စေနိုင်သည်။

< မူမမှန်မှု (သို့) လုပ်ဆောင်မှုကျရှုံးခြင်း အခြေအနေများ >
- လေထုတ်လွှတ်ခြင်းမရှိလျှင်။
- ယူနစ်ပြတ်တောင်းပြတ်တောင်းဖြစ်နေလျှင်။
- စက်အတွင်းပိုင်းပူလာပြီး မီးခိုးများထွက်လာလျှင်။
- ထိုသို့ဖြစ်ပေါ်ပါက အမြန်ဆုံး တရားဝင်ပြင်ဆင်ရေးဌာနများထံတွင် ပြင်ဆင်ခြင်း (သို့) စစ်ဆေးခြင်း ပြုလုပ်ပါ။

အိမ်သုံးပလတ်တစ်ခုတွင်သာအသုံးပြုရန်။ဆက်ကြိုးများဖြင့် အသုံးမပြုပါနှင့်။
- ထိုသို့မပြုလုပ်ပါက လျှပ်စစ်ရှော့ခ် (သို့) မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

ပါဝါပလတ်အား သေချာစွာတပ်ဆင်ပါ။
- ထိုသို့မတပ်ဆင်ပါက မီးလောင်ခြင်း (သို့)လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းတို့ ဖြစ်စေနိုင်သည်။

စက်ပစ္စည်းအား ၎င်းကိုယ်ထည်တွင် ဖော်ပြထားသော ဗို့အားနှင့် ညီသည့် လျှပ်အားဖြင့်သာအသုံးပြုရန်။
- ထိုသို့မပြုမိပါက အပူလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းနှင့် မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။

## ⚠ သတိပေးချက်

လေပူစနစ်အားအသုံးပြုနေစဉ် လေထွက်ပေါက်အနီးတွင် မီးပွားလေးများဖြစ်ပေါ်နေသည်ကိုမြင်ပါက အသုံးပြုခြင်းအားရပ်တန့်၍ လေဝင်လေထွက်ပေါက်ရှိ အဝတ်လေးအားဖယ်ရှားပါ။
- ထိုသို့မပြုလုပ်ပါက အပူလောင်ခြင်း (သို့) မီးလောင်ခြင်းတို့ ဖြစ်စေနိုင်ပါသည်။

အသုံးပြုပြီးတိုင်း အဓိကခလုတ်ကိုပိတ်၍ ပါဝါပလတ်အား ပလတ်အုံမှ ဖြုတ်ပါ။
- ထိုသို့မပြုလုပ်ပါက အပူလောင်ခြင်း (သို့)မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

ပါဝါပလတ်အားဖြုတ်လျှင် ပလတ်ခေါင်းမှ ကိုင်၍ဖြုတ်ပါ၊ ကြိုးမှဆွဲမဖြုတ်ပါနှင့်။
- ထိုသို့မပြုမိပါက စက်ကြိုးအတွင်းမှ နန်းကြိုးလေးများ ပြတ်တောက်ကာ အပူလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း (သို့) ဆားကစ်ပြတ်တောက်၍ မီးလောင်ခြင်းတို့ ဖြစ်စေနိုင်ပါသည်။

ဖုန်တက်ခြင်းမှကာကွယ်ရန် ပါဝါပလတ်အား မကြာခဏ သန့်ရှင်းပါ။
- ထိုသို့မပြုမိပါက စိုထိုင်းဆကြောင့် လျှပ်ကာ ပျက်ယွင်းကာ မီးလောင်စေနိုင်ပါသည်။
  ပါဝါပလတ်အားဖြုတ်၍ အဝတ်ခြောက်ဖြင့်သုတ်၍သန့်ရှင်းပါ။

ဆံပင်အခြောက်ခံစက်အား ရေချိုးခန်းအတွင်းအသုံးပြုပြီးနောက် ပလတ်ကိုဖြုတ်ပါ။ ဆံပင်ခြောက်ခံစက်ခလုတ်အားပိတ်ထားသော်လည်း ရေနှင့်နီးကပ်လျှင် အန္တရာယ်ရှိနိုင်သောကြောင့်ဖြစ်သည်။
- ထိုသို့ မပြုလုပ်ပါက မတော်တဆထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်စေနိုင်သည်။

ထပ်တိုးကာကွယ်ရန်အတွက်၊လက်ကျန်ကိရိယာ(RCD)တပ်ဆင်ခြင်းတွင် လက်ကျန်၏ လည်ပတ်ခြင်းသည် ၃၀ အမ်အေထက် မကျော်လွန်ခြင်းက ရေချိုးခန်းသုံး လျှပ်အားဆားကစ်ထောက်ပံ့မှုနှင့် သင့်တော်သည်။
- ထိုသို့ မလိုက်နာပါက မတော်တဆထိခိုက်မိခြင်း နှင့် ဒဏ်ရာရခြင်းတို့ ဖြစ်စေနိုင်ပါသည်။

ဤစက်ပစ္စည်းသည် (ကလေးများအပါအဝင်) ရုပ်ပိုင်းဆိုင်ရာအားနည်းသူများ၊ အမြင်အာရုံ(သို့)စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများနှင့် အတွေ့အကြုံ နည်းပါးသူများ အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်သော်လည်း တာဝန်ရှိသူတစ်ဦးဦးထံမှ အသုံးပြုရန်နည်းလမ်းနှင့်လမ်းညွှန်အား လိုက်နာဆောင်ရွက်ပါက အသုံးပြုနိုင်သည်။ ကလေးများအား ဤကိရိယာဖြင့်ဆော့ကစားခွင့်မပြုရ။
- ထိုသို့ မလိုက်နာပါက မတော်တဆထိခိုက်မှုနှင့် ဒဏ်ရာအနာတရတို့ ဖြစ်စေနိုင်သည်။

အခြောက်ခံစက်ကြိုး ထိခိုက်ပျက်စီးခဲ့လျှင် အန္တရာယ်ဖြစ်နိုင်မှုမှ ရှောင်ရှားရန် ထုတ်လုပ်ရာဌာန၊ ပြုပြင်ရေးဌာနနှင့် တက်ကျွမ်းသော ပညာရှင်များထံတွင်သာ ပြုပြင်ပါ။
- ထိုသို့ မပြုပါက မတော်တဆထိခိုက်ခြင်းနှင့် ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

## ⚠ တားမြစ်ချက်

အခြောက်ခံစက်ကြိုးအား ရစ်ပတ်ထားသောအနေအထားဖြင့် မသိမ်းစည်းရ။
- ထိုသို့ ပြုမိပါက စက်ကြိုးအတွင်းရှိ နန်းကြိုးလေးများ ပြတ်တောက်ကာ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း နှင့် ဆားကစ်ပြတ်တောက်မှုကြောင် မီးလောင်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

ဤစက်အားလွှတ်ချခြင်း၊စမ်းသပ်ခြင်းမပြုရ။
- ထိုသို့ ပြုလုပ်ပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း(သို့)မီးပွါးပွင့်၍ မီးစွဲလောင်နိုင်ပါသည်။


လေဝင်ပေါက် ပျက်စီးနေလျှင်အသုံးမပြုပါနှင့်။
- ထိုသို့အသုံးပြုပါက ဆံပင်များလေဝင်ပေါက်တွင်စွဲငြိကာ ပျက်စီးစေနိုင်ပါသည်။

လေထွက်ပေါက်၊ အမြန်ခြောက် စက်နှုတ်သီးနှင့် သတ်မှတ်ချိန်ခြောက် စက်နှုတ်သီးအား မကိုင်တွယ်ပါနှင့်၊ ၎င်းသည်အလွန်ပူလာနိုင်သည်။
- ထိုသို့ ပြုမိပါက အပူလောင်စေနိုင်သည်။

ဤစက်ပစ္စည်းအား ၂နှစ်အောက် ကလေးငယ်များတွင်အသုံးမပြုရ။
- ထိုသို့ပြုလုပ်မိပါက အပူလောင်စေနိုင်ပါသည်။

## သတိပေးချက်

လက်ကိုင်အား ခေါက်ထားခြင်း (သို့)မခေါက်ထားလျှင်လည်း လက်ချောင်းများဖြင့် ပုံတွင်ပြထားသောနေရာအား ထိကိုင်ခြင်းမပြုရ။
- ထိုသို့ပြုမိပါက လက်ချောင်းများထိခိုက်ဒဏ်ရာရနိုင်ပါသည်။



---

ဆံပင်အခြောက်ခံစက်အား မည်သည့်နေရာ မည်သည့်အကွာအဝေးတွင် ထားမည်ကို ဂရုပြုပါ။ ဆံသားအား လေဝင်ပေါက်၏ အနည်းဆုံး ၁၀ စင်တီမီတာ အကွာတွင်ထားပါ။
- လေဝင်ပေါက်တွင်ဆံပင်များကပ်ညှို၍ ပျက်စီးစေနိုင်သည်။

---

ဆံပင်နှင့် လေထွက်ပေါက်အား အနည်းဆုံး ၃ စင်တီမီတာ ခွာထားပါ။
- ထိုသို့မပြုလုပ်ပါက ဆံသားများအပူလောင်နိုင်ပါသည်။

---

လူ့ဆံပင်အား ပုံသွင်းခြင်းနှင့် အခြောက်ခံခြင်းအတွက်သာ အသုံးပြုပါ။(အိမ်မွေး တိရစ္ဆာန်များ၊ အဝတ်အစားနှင့် ဖိနပ်များ စသည်တို့အားအခြောက်ခံခြင်းမပြုရ)
- ထိုသို့မပြုပါက အပူလောင်ခြင်းနှင့် မီးလောင်ခြင်းတို့ ဖြစ်စေနိုင်ပါသည်။


---

▶ မှတ်ချက်များ

- ဤဆံပင်အခြောက်ခံစက်သည် အပူလွန်ခြင်းမှ အလိုလျောက်ကာကွယ်သည့်ကိရိယာ တပ်ဆင်ထားသည်။ ဆံပင်အခြောက်ခံစက် အလွန်ပူလာလျှင် လေအေးပေးစနစ်သို့ ပြောင်းလဲသွားမည်။ ဆံပင်အခြောက်ခံစက်အား ခလုတ်ပိတ်၍ ပလတ်အားပလတ်အုံမှ ဖြုတ်ပါ။ တဖန်ပြန်အသုံးမပြုခင် မိနစ်အနည်းငယ် အအေးခံပါ။ စက်အားတစ်ဖန်ပြန်မဖွင့်ခင် လေဝင်လေထွက်ပေါက် အတွင်း အမွေအမျှင်များ၊ ဆံပင်များ စသည်တို့ ရှိမရှိစစ်ဆေးပါ။
- အခြောက်ခံစက်အားအသုံးပြုနေစဉ် ထူးခြားသော အနံ့အသက်အား သတိပြုမိလိမ့်မည်။ ၎င်းသည် အိုဇုန်းထုတ်လုပ်ခြင်းကြောင့်ဖြစ်ပြီး လူ့ခန္ဓာကိုယ်အား အန္တရာယ်မပြုပါ။

## အစိတ်အပိုင်းများအား ရှင်းပြခြင်း






A လေထွက်ပေါက်
B အမြန်ခြောက် နှုတ်သီး
C ပလက်တီနမ်အိုင်းယွန်းထွက်ပေါက်
D **nanoe™** ထွက်ပေါက်
E **nanoe™** မီးခွက်
F လေဝင်ပေါက်
G **nanoe™** အားသွင်းဘောင်
H လက်ကိုင်
I ချိတ်ဆွဲရန်ကွင်း
J စက်ကြိုး
K ပါဝါပလပ်(ပါဝါပလတ်၏ပုံ သဏ္ဍာန်သည် နေရာအလိုက် ကွာခြားသည်။)


L အဓိကခလုတ်
2: အခြောက်(လေပြင်း)
1: ပုံမှန်(လေပြေ)
0: ပိတ်

M အပူချိန်ရွေးချယ်ခြင်း
● : အပူ(လေပူ)
● : ပုံမှန်(လေပြေ)
● : အအေး(လေအေး)

N နှုတ်သီးခေါင်းရွေးချယ်ခြင်း

**▶ အမြန်ခြောက်နှုတ်သီး**
ဆံပင်အမြန်ခြောက်စေရန်အတွက်

အမြန်ခြောက်နှုတ်သီးအားတွဲလျှင်
လေထွက်ပေါက်သည် ဒေါင်လိုက်ဖြစ်မည်။



**▶ ပုံသွင်းနှုတ်သီး**
ဂရုတစိုက်ပုံသွင်းရန်အတွက်

## ဆံပင်အခြောက်ခံစက်အသုံးပြုပုံ

**1** **လေအပူချိန်ကိုချိန်ညှိရန် အပူချိန်ရွေးချယ်ပါ (M).**

**2** **အမိကခလုတ်ဖြင့် လေပြင်းအားရွေးချယ်ပါ။ (L).**

**▶ မှတ်ချက်**

- ဆံပင်အခြောက်ခံရန် လေအေးအသုံးပြုမည်ဆိုပါက အမိကခလုတ်(L)အား 1 (သို့)2 သို့ ပြောင်းပြီး အပူချိန်အား - ● အအေး(လေအေး)သို့ ရွေးချယ်ပါ။
- အမိကခလုတ်(L)အား 1(သို့) 2 တွင်ထားလျှင် nanoe™ နှင့် ပလက်တီနမ်အိုင်းယွန်းများ ထုတ်လုပ်မည်။
- nanoe™ နှင့် ပလက်တီနမ်အိုင်းယွန်းများအား သာမာန်မျက်လုံးဖြင့် မမြင်နိုင်ပါ။
- နှုတ်သီး(N)အားအသုံးပြုလျှင် လေပြင်းအားကိုဂရုပြုပါ။
- ဆံသားပျက်စီးမည်ကို စိတ်ပူလျှင်၊အသုံးမပြုခင် ခလုတ်အား ၁ – ပုံမှန်(လေပြေ)သို့ ရွေးချယ်ပါ။

- အသုံးပြုနေစဥ် nanoe™ ထွက်ပေါက်မှ ရေကျနိုင်သည်။ ၎င်းသည် စက်ချို့ယွင်းခြင်း မဟုတ်ပါ။
- nanoe™ (D)ထွက်ပေါက်မှ တဖျောက်ဖျောက်မြည်သံများ ထွက်ပေါ်နိုင်သည်။ ၎င်းသည် nanoe™ ကြောင့် ထွက်ပေါ်ခြင်းဖြစ်ပြီး စက်ချို့ယွင်းခြင်း မဟုတ်ပါ။
- nanoe™ ၏ သက်ရောက်မှုသည် အချို့သူများတွင် သတိပြုမိမည်မဟုတ်ပါ။ ဆံကောက်သူ၊ ဆံသား အလွန်လိမ်ကောက်နေသူ၊ ဆံသားအလွန်ပျော့သူ၊ ဆံပင်တို (သို့) ၃၊ ၄လအတွင်းဆံဖြောင်ထားသူ။
- အခြောက်ခံစက်အလုပ်လုပ်နေစဥ်အနီးနားတွင် စပရေးများ အသုံးမပြုရ။ စပရေးတွင်ပါဝင်သည်များ အခြောက်ခံစက်အတွင်း ဝင်ရောက်ပိတ်စို့ပြီး စက်အလုပ်လုပ်နိုင်မှု လျော့ကျလာနိုင်သည်။

## nanoe™ အကြောင်း

### nanoe™ ဆိုတာဘာလဲ?

(nanoe™ လည်ပတ်ခြင်းနည်းလမ်း – ဗို့အားပြင်းထုတ်လွှတ်ခြင်း)
nanoe™ သည် ကွဲထွက်နေသောရေထုအား ဗို့အား အမြင့်အသုံးပြုကာ အိုင်းယွန်းများကိုခွဲဖြာပြီး ရေထု ဖြစ်ပေါ်စေသည်။၎င်း၏ ပမာဏမှာ ရေငွေ့ထက် ၁/၁၀၀၀ဆ ပို၍သေးငယ်ပြီး သာမာန် မျက်လုံးဖြင့် မမြင်နိုင်ပါ။ nanoe™ မှာ လေထုထည်းမှ ရေများကို စုပေါင်းစေသောကြောင့် ပတ်ဝန်းကျင်ပေါ်တွင်မူတည်၍ ထိုဖြစ်စဥ်အား ဖြစ်ပေါ်ရန်ခက်ခဲသော အခြေအနေများလည်းရှိနိုင်သည်။ (စိုထိုင်းဆနည်းပြီး အေးမြသော လေထုတွင် ရေများစုစည်းရန်မလွယ်ကူပါ)

### nanoe™ အလုပ်လုပ်ပုံ

ယေဘုယျအားဖြင့် ဆံသားသည် လျှပ်စစ်ဓာတ်တွင် အပြုသဘော ပျော်ဝင်ရန်လွယ်ကူသော ဂုဏ်သတ္တိရှိသည်။ ၎င်းဂုဏ်သတ္တိသည် ဆန့်ကျင်ဘက်သဘောရှိသော nanoe™ ကို အထူးဆွဲငင်၍ အစိုဓာတ်အားဆံသားအတွင်းသို့ ထိုးဖောက်စိမ့်ဝင်စေသည်။ထို့အပြင် ၎င်းသည် ဆံသားအား အနည်းငယ် အက်စစ်ထစေသည်။ ဆံသားအလွှာအား တင်းရင်းစေပြီး ဆံသားအား ကျန်းမာပျော့ပြောင်းကာ သန့်စွမ်းစေသည်။

# ပလက်တီနမ်အိုင်းယွန်းများအကြောင်း

## ပလက်တီနမ်အိုင်းယွန်းဆိုတာဘာလဲ?

### ပလက်တီနမ်အိုင်းယွန်းလည်ပတ်နည်းလမ်း – ဗို့အားမြင့်ထုတ်လွှတ်ခြင်း

အိုင်းယွန်းများသည်အမဓာတ်ဆောင်သော လေထုအတွင်းရှိ အောက်စီဂျင်နှင့် အစိုဓာတ်များ စုပေါင်းထားသော အမှုန်များဖြစ်သည်။ပလက်တီနမ်အိုင်းယွန်းများသည် ပလက်တီနမ် လျှပ်ကူးမှ ထုတ်လွှတ်သော အိုင်းယွန်းများဖြစ်သည်။ ၎င်းအိုင်းယွန်းများကို သာမာန်မျက်လုံးဖြင့် မမြင်နိုင်ပါ။အဘယ်ကြောင့်ဆိုသော် ၎င်းအိုင်းယွန်းများသည် ရေငွေ့မှုန်အရွယ်အစား၏ ၁/၁၀၀၀ဆ သေးငယ်သောကြောင့် ဖြစ်သည်။

## ပလက်တီနမ်အိုင်းယွန်းအလုပ်လုပ်ပုံ

ယေဘုယျအားဖြင့် ဆံသားသည် အဖိုဓာတ်ဆောင်သည်။အမဓာတ်ဆောင်သော ပလက်တီနမ် အိုင်းယွန်းများဖြင့်ထိတွေ့စေခြင်းဖြင့် လျှပ်ငြိမ်ဆံသားအား အာနိသင်ပြယ်စေကာ ပျော့ပျောင်း ချောမွတ်မှုကို တိုးမြှင့်ပေးသည်။
ပလက်တီနမ်အိုင်းယွန်းများသည် ဆံခြည်တစ်မျှင်ချင်းစီသာမက ဆံသားအလွှာအထိ စိမ့်ဝင် ထိုးဖောက်သည်။ ထို့ကြောင့် ဆံသားအစိုဓာတ်ပမာဏကို ထိမ်းသိမ်းပေးရုံသာမက ခရမ်းလွန် ရောင်ခြည်ကြောင့် ဆံသားထိခိုက်ပျက်စီးမှုတို့မှလည်း လျော့ချသက်သာစေသည်။

**▶ မှတ်ချက်**

အောက်ဖော်ပြပါအချက်များနှင့်ဆက်နွယ်သူများတွင်အိုင်းယွန်းများ၏ အကျိုးသက်ရောက်မှု မပေါ်လွင်ပါ။

- သဘာဝအတိုင်းကောက်ကွေးသော ဆံသားရှိခြင်း။
- ဆံသားအလိပ် လွယ်ကူခြင်း။
- ဆံသားအလွန်ရှင်းလင်းခြင်း။
- ဆံပင်ဖြောင့်အဆီဖြင့် ၃/၄လအတွင်းဆံပင်ဖြောင့်ထားခြင်း။
- ဆံပင်တို။

# nanoe™ အားသွင်းဘောင်

nanoe™ /ပလက်တီနမ်အိုင်းယွန်းများ ဆံသားအားထိသောအခါ ဆံသားများ အနုတ်/အမ ဓာတ်ဆောင်လာမည်။ရလာဒ်အနေဖြင့် nanoe™ /ပလက်တီနမ်အိုင်းယွန်းများနှင့် အမဓာတ်ဆောင်သောဆံသားတို့ အပြန်အလှန်တွန်းကန်ကာ nanoe™ /ပလက်တီနမ် အိုင်းယွန်းများ ဆံသားသို့ ရောက်ရှိရန်ခက်ခဲစေမည်။ nanoe™ သွင်းခြင်း စနစ်ဖြင့် တွန်းကန်မှုအား ချုပ်ကိုင်ဆွဲငင်ပြီး အတူတကွထိန်းညှိနိုင်ကာ ဆံသားတွင် စုစည်းနေသော ဆက်ကျင်သဘောရှိသည့် အရာများသည် လျော့ကျပျက်ပျယ်သွားမည်။
ထို့ကြောင့် nanoe™/ ပလက်တီနမ်အိုင်းယွန်းများ သည် ဆံသားအတွင်းသို့ ဆက်လက် စိမ့်ဝင်ပြီး အစိုဓာတ်ဖြည့်သွင်းပေးကာ ဆံသား အရင်းမှ အဖျားထိ မကျန်အစိုဓာတ်အား ထိန်းညှိပေးမည်။

# ဆံပင်အခြောက်ခံစက်အား ထိန်းသိမ်းပုံ

- မိန်းခလုတ်အားပိတ်၍ ပါဝါပလတ်အား အိမ်သုံးပလတ်အုံမှ သေချာစွာဖြုတ်ပါ။ (လေထွက်ပေါက်ထိန်းသိမ်းဆောင်ရွက်မှုမှလွဲ၍)

## ဆံပင်အခြောက်ခံစက်အား ထိန်းသိမ်းခြင်း

နူးညံ့သောအဝတ်စအား သုံးရေ(သို့)ဆပ်ပြာရေတွင် တို့ထိကာ သန့်ရှင်းပါ။

**▶ မှတ်ချက်များ**


- သင်နာ၊ ဘန်ဇင်း၊ အရက်နှင့် အခြားဓာတုပစ္စည်းများ အသုံးမပြုရ။
  - ထိုသို့ အသုံးပြုမိပါက စက်ချို့ယွင်းခြင်း၊ အစိတ်အပိုင်းများတွင် အစင်းရာများ(သို့) အရောင်ပျယ်ခြင်းများ ဖြစ်စေနိုင်သည်။
- ဆံပင်အခြောက်ခံစက်၏ လက်ကိုင်နှင့် ကိုယ်ထည်များတွင် ဆံသားသုံးပစ္စည်းများ (သို့) အလှကုန်ပစ္စည်းများ ကပ်ပေနေသည့်အတိုင်းထားလျှင် ပလက်စတစ်အရည်အသွေး ကျဆင်းကာ အရောင်ပျယ်ခြင်း၊ အစင်းရာထင်ခြင်းနှင့်စက်ချို့ယွင်းခြင်းတို့ ဖြစ်စေနိုင်ပါသည်။

## nanoe™ ထွက်ပေါက်အား ထိန်းသိမ်းပုံ

- စက်ပစ္စည်းများတွင်အသုံးပြုနိုင်သော နူးညံ့သော ဝါဂွမ်းဖြင့်ပြုလုပ်ထားသည့် အဝတ်စများ အသုံးပြုပါ။ (ကလေးများအတွက်ထုတ်လုပ်ထားသော ဝါဂွမ်းစအပါးကို အသုံးပြုရန် မှတ်ချက်ပြုပါသည်။)
- ထိုသို့ ထိန်းသိမ်းခြင်းသည် ဆံပင်အခြောက်ခံစက်၏ nanoe™ ကြာရှည်လည်ပတ်ရန် အကျိုးပြုသည်။

၁။ ဝါဂွမ်းစ၏အစွန်းကို ရေတွင်တို့ထိပါ။

၂။ nanoe™ ထွက်ပေါက် အတွင်းရှိ အပ်အပိုင်းအစသည် နက်ရှိုင်းစွာ တည်ရှိသည်။ ကော်တွန်စအား အသုံးပြု၍ အစိတ်အပိုင်းအား ၅ကြိမ်ခန့် ပွတ်သပ်ပါ။





ပလက်တီနမ်အိုင်းယွန်းထွက်ပေါက်(C)ကို သန့်ရှင်းရန်မကြိုးစားပါနှင့်။ (ထိုအပေါက်သည် ဂွမ်းစအားထိုးသွင်းရန်ခက်ခဲသော ဖွဲ့စည်းပုံ ရှိသည်။)
ထိုသို့ပြုမိပါက ပလက်တီနမ်အိုင်းယွန်းများ ထုတ်လွှတ်ရန် ခက်ခဲနိုင်သည်။

## လေဝင်ပေါက်အားထိန်းသိမ်းခြင်း


လေဝင်ပေါက်တွင် ချည်စချည်န၊ ဆံပင်နှင့် အခြားအရာများကိုသန့်ရှင်းရန် တစ်ရှူးဖြင့် သုတ်ပါ။

- လေဝင်ပေါက်အား လက်သည်း(သို့) အခြားချွန်ထက်သောအရာများဖြင့် ဖိခြင်း၊ သပ်ခြင်းမပြုရ။ ထိုသို့ပြု လုပ်မိပါက လေဝင်ပေါက်အား ပျက်စီးစေနိုင်သည်။



## လေထွက်ပေါက်အား ထန်းသိမ်းပုံ

- အခြောက်ခံစက်အား လေထွက်ပေါက်ထိန်းသိမ်းမှုအတွက်သာ ပလတ်အားအိမ်သုံး ပလတ်အုံတွင် တပ်ဆင်ထားသင့်သည်။
- စက်ပစ္စည်းများတွင်အသုံးပြုနိုင်သော သွားတိုက်တံအားအသုံးပြုပါ။
- အပူချိန်အား "အအေး" သို့နှိပ်၍ သွားတိုက်တံဖြင့် တိုက်ချွတ်ကာ ဖုန်စသည်တို့ကို မှုတ်ထုတ်ပါ။
- ထိန်းသိမ်းစဉ်အတွင်း လေဝင်ပေါက်အား လက်ဖြင့် မပိတ်ထားရ။
- အခြောက်ခံစက်အားထိန်းသိမ်းပြီး ပထမဆုံး အကြိမ်ထုတ်ယူအသုံးပြုပါက ဖုန်များမှုတ်ထုတ်နိုင်သည်ကို သတိပြုပါ။



ပိတ်ဆို့နေသော ဖုန်၊ ဆံပင်စသည်တို့ကို သန့်ရှင်းရန် ဇကာအား တိုက်ချွတ်ပါ။

## ချို့ယွင်းမှု အဖြေရှာခြင်း

| ချို့ယွင်းမှု | ဖြစ်နိုင်သော အကြောင်းအရာ | လုပ်ဆောင်ရန် |
|---|---|---|
| “အပူ” စနစ်အသုံးပြုနေစဉ် လေအေးစနစ်သို့ မကြာခဏပြောင်းသွားခြင်း(သို့)စက်ကိုယ်ထည်တွင် မီးပွားများတွေ့ရခြင်း။(၎င်းမီးပွားများသည် အပူအအေးအလိုအလျောက် ပြောင်းလဲခြင်း (အကာအကွယ်ကိရိယာ)ကြောင့်ဖြစ်ပေါ်ပြီး စက်ချို့ယွင်းခြင်းမဟုတ်ပါ) ▶ | ချည်စချည်နများ လေဝင်ပေါက်နှင့် လေထွက်ပေါက်တွင် စုနေလျှင်။<br>ဆံပင်(သို့)တစ်စုံတစ်ခု လေထွက်ပေါက်တွင် ပိတ်နေခြင်း။ ▶ | စုပုံနေသော ချည်စချည်နများကို ဖယ်ရှားပါ။<br>လေဝင်ပေါက်ကို မပိတ်ဆို့ပါနှင့်။ |
| လေပူစနစ်တွင် ပုံမှန်မဟုတ်အလွန်ပူနေခြင်း။ ▶ | | |
| ပါဝါပလတ် ပုံမှန်မဟုတ် ပူလောင်နေခြင်း။ ▶ | အိမ်သုံးပလတ်အုံနှင့် ဆက်သွယ်ရာတွင် ချောင်၍ အံဝင်ဂွင်ကျမဖြစ်ခြင်း။ ▶ | အံဝင်ဂွင်ကျဖြစ်သော အိမ်သုံးပလတ်အုံကို အသုံးပြုပါ။ |
| ထွက်ပေါက်အတွင်း မီးပွားများ ဖြစ်ပေါ်ခြင်း။ ▶ | ပုံမှန်မဟုတ်သာ လုပ်ဆောင်ချက်များသည် လျှပ်ကူးမသန့်ရှင်းခြင်းကြောင့် ဖြစ်နိုင်သည်။(အပ်အစိတ်အပိုင်း) ▶ | nanoe™ ထွက်ပေါက်အား ထိန်းသိမ်းရန် လုပ်ဆောင်ပါ။ |
| nanoe™ ထွက်ပေါက်မှ အသံတစ်ခု ထုတ်လွှတ်ခြင်း (အက်ကွဲသံ)။ ▶ | ▶ | |

ထိုအချက်များဖြင့် ပြဿနာအားမဖြေရှင်းနိုင်ပါက ဝယ်ယူခဲ့သော အရောင်းဆိုင်(သို့) Panasonic ၏တရာဝင်းပြုပြင်ရေးဌာနများတွင် ပြင်ဆင်ပါ။

## အသေးစိတ်အချက်အလက်များ

| | | | |
|---|---|---|---|
| ပစ္စည်းအမည် | ဆံပင်အခြောက်ခံစက် | | |
| ပစ္စည်းမော်ဒယ် | EH-NA45 | | |
| ပါဝါအရင်းအမြစ် | 220 V∼ 50-60 Hz | 230 V∼ 50-60 Hz | 240 V∼ 50-60 Hz |
| ပါဝါ သုံးစွဲအား | 1350 W | 1500 W | 1600 W |
| တွဲဖက်ပစ္စည်းများ | အမြန်ခြောက်နှုတ်သီး၊ ပုံသွင်းနှုတ်သီး | | |

ဤစက်ပစ္စည်းသည် အိမ်သုံးအတွက်သာရည်ရွယ်ပါသည်။

Panasonic Corporation
http://www.panasonic.com
© Panasonic Corporation 2013-2019